


# တိုင်းရင်းသား နေ့စဉ်သတင်းအကျဉ်း
# Ethnic Nationalities News Chronology
## January 2010

## Complied by National Democratic Front- NDF (Head Quarter)

★ ၂၀၀၉–ခုနှစ်အတွက် "ဖဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆု" ကို ကရင်ပြည်နယ်မှ ကျန်းမာရေးလုပ်သား စောညွန့်ဝင်း ကို ဖန်းဖောင်ဒေးရှင်း (ဖန်းရုံပုံငွေ) အဖွဲ့က ဒီနေ့ ချီးမြှင့်လိုက်ပါတယ်။ ( 31/ 01/ 2010/ RFA )

★ ကရင့်တော်လှန်ရေးနေ့ကို နယ်စပ်မှာမကျင်းပနိုင်တာဟာ ကရင်အမျိုးသား စည်းလုံးညီညွတ် မှုမရှိလို့ပါလို့ ကရင် အမျိုးသား အစည်းအရုံး ကေအဲန်ယူ တပ်မဟာ(၅)တပ်ရေးအရာရှိ ဗိုလ်မှူးစောကလယ်ဒို့က ပြောပါသည်။ ( 31 / 01/ 2010/ BBC )

★ လျှပ်စစ်တာဝါတိုင် မိုင်းခွဲဖျက်ဆီးမှုတွင် တာဝန်ရှိသော်လည်း စစ်အစိုးရကိုတိုက်ခိုက်ခြင်းသာ ဖြစ်ပြီး၊ ပြည်သူလူထု လျှပ်စစ်မီး မရရှိစေရန် မရည်ရွယ်ပါကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ( KNPP ) က ပြောဆိုသည်။ ( 31/ 01/ 2010/ Mizzima )

★ မွန်ပြည်သူလူထုအနေဖြင့် ပြည်သူလူထုအားလုံးအတွက် အရေးကြီးသည့် နိုင်ငံရေးအပြောင်းအလဲ ကာလတွင် မွန် ခေါင်းဆောင်များ၏ ဦးဆောင်မှုနောက်ကို ယုံယုံကြည်ကြည်လိုက်ပါကြရန် တိုက်တွန်းလိုက်သည်။ ( 30/ 01 / 2010/ Roma3 )

★ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ကောင်းမုလုံရပ်ကွက်ရှိ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ် မတော်ခေါ် "ဝ" တပ်ဖွဲ့၏ ဆက်ဆံရေးရုံးအနီးတွင် မပေါက်ကွဲသေးသည့် ဗုံး (၁) လုံးကို ယမန်နေ့က တွေ့ရှိခဲ့သည်။ ( 29/ 01 / 2010 / New Era )

★ ရှမ်းပြည်နယ် မူဆယ်မြို့မှာ ဗုံးတလုံးထောင်ထားတာတွေ့ရှိရလို့ ဒေသခံတွေ ထိပ်လန့်သွားတယ်လို့ မူဆယ်မြို့ခံ တဦးက ပြောပါတယ်။ ( 29/ 01/ 2010/ DVB )

★ တိုင်းရင်းသားလူမျိုးများ ဒီမိုကရက်တစ်မဟာမိတ်တပ်ဖွဲ့ (မိုင်းလား) ( NDAA-ESS ) အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ်သေဆုံးမှုဟာ နအဖ စစ်အစိုးရလက်ချက်ပဲလို့ နယ်စပ်အခြေစိုက် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု ( အန်ဒီအက်ဖ် ) က စွပ်စွဲလိုက်ပြီး ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ ( 29/ 01/ 2010/ DVB )

★ တိုင်းရင်းသားလူမျိုးများတန်းတူရေးကို စစ်အစိုးရဘက်က လက်ခံလျှင် လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်မည်ဟု ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ KIO က နအဖ စစ်ဖက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီး ရဲမြင့် နှင့် ယနေ့တွေ့ဆုံရာတွင် ထပ်မံပြောဆိုလိုက်ပြန်သည်။ ( 29/ 01/ 2010/ Mizzima )

★ ရှမ်းပြည်နယ်က မိုင်းလားအဖွဲ့ခေါင်းဆောင်တဦး လုပ်ကြံသတ်ဖြတ်ခံရပြီးနောက်ပိုင်း အဲဒီဒေသမှာ အဝင်အထွက်ဂိတ်တွေကို မိုင်းလားတပ်ဖွဲ့က တရက်ကျော် ပိတ်ထားခဲ့ပါတယ်။ ( 28/0 1/ 2010 / DVB )

★ လွှန်ခဲ့တဲ့လပိုင်းတွေက ရန်ကုန်အပါအဝင် မြို့နယ်အချို့မှာ ဖြစ်ပွါးခဲ့တဲ့ ဖေါက်ခွဲမှုနဲ့ပတ်သက်ပြီး နအဖအစိုးရက ကေအဲန်ယူ ( ကရင်အမျိုးသားအစည်းအရုံး ) နဲ့ ဘီအယ်လ်စီ ( မြန်မာနိုင်ငံ ရေနံ့နေမျှားကောင်စီ ) တို့ကို စွပ်စွဲလိုက်ပါတယ်။ ( 28/ 01/ 2010 / DVB)

★ နအဖစစ်တပ်ရဲ့ထိုးစစ်ကြောင့် ထိုင်း–မြန်မာနယ်စပ်ကို ထွက်ပြေးရောက်ရှိလာခဲ့တဲ့ စစ်ပြေးကရင်ဒုက္ခသည်တွေကို ထိုင်းအာဏာပိုင်တွေက မြန်မာပြည်ဘက်ခြမ်းကို ပြန်ပို့မယ့်အစီအစဉ် စတင်အကောင်အထည်ဖေါ်နေပါပြီ။ ( 28 01/ 2010 / DVB )

★ ဝိဂါလူမျိုး ၁၇ ဦးနဲ့ ဟန်တရုတ်အမျိုးသားတဦး စုစုပေါင်း ၁၈ ဦးကို တရုတ်–မြန်မာနယ်စပ် အခြေစိုက် ( UWSA ) “ဝ” ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့က တရုတ်အာဏာပိုင်တွေလက်ထဲ ဇန်နါဝါရီလ ၁၈ ရက်နေ့မှာ ပြန်အပ်ခဲ့ တာနဲ့ ပတ်သက်လို့ ပြစ်တင်ရှုပ်ရှကြောင်း အမေရိကန်ရောက် ဝိဂါလူမျိုးများအစည်းအရုံး ( UAA ) က ဇန်နဝါရီ ၂၆ ရက်နေ့မှာ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ( 28/ 01/ 2010 / RFA )

★ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ ( ကေအိုင်အို) မှ ကိုယ်စားလှယ်အဖွဲ့နှင့် စစ်ဖက်ရေးရာ အရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့်တို့ မနက်ဖြန်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ တွေ့ဆုံ ရန်ရှိသည်။ ( 28/ 01/ 2010/ New Era )

★ နအဖစစ်အစိုးရသည် ပိတောက်မြေ အသံလွှင့်ဌာနမှတဆင့် လက်ရှိရန်ကုန်မြို့တွင် လျှပ်စစ်မီး ဆိုးဆိုးရွားရွား ပြတ် တောက်နေမှုနှင့် ပတ်သက်ပြီး ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (ကေအန်ပီပီ ) အဖွဲ့ကို ပြစ်တင်ရှုပ်ချမှုများ လုပ်နေကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ ( 28/ 01/ 2010/ New Era )

★ “ဝ” ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ( UWSA) သည် ရှမ်းပြည်အတွင်း လက်နက်ကိုင် တပ်ဖွဲ့ အားလုံးအ နက်အင်အားအတောင့်တင်းဆုံးဖြစ်သည်ဟုဆိုသော်လည်း မိမိလူမျိုး၊ တပ်ဖွဲ့၊ နယ်မြေတခုတည်းအတွက် ကိုယ် လွတ်ရုန်းထွက်လို့မရဟု ပလောင်ခေါင်းဆောင် မိုင်အိုက်ဖုန်းက ပြောပါသည်။ ( 27/ 01/ 2010/ သျှမ်းသံ တော်ဆင့် )

★ ရှမ်းပြည်အရှေ့ပိုင်း၊ အထူးဒေသ (၄) အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်ခေါ် မိုင်းလားတပ်ဖွဲ့၏ အတွင်း ရေးမှူးဖြစ်သူ ဦးမင်းအိမ်သည် ယနေ့နံနက်ပိုင်း၌ မိုင်းလားမြို့တွင် လုပ်ကြံခံရ၍ သေဆုံးသွားသည်။ ( 27/ 01/ 2010 / New Era)

★ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်အတွင်း ပင်းပက် ဘီလပ်မြေစက်ရုံတည်ဆောက်ရန် ကျေးရွာသားများ ၏ မြေယာဧက ၄၀၀၀ ထောင်ကျော်သိမ်းယူသဖြင့် နစ်နာကြေးနှင့် အာမခံချက်များပေးရန် ကျေးရွာသားများက တောင်းဆိုနေကြသည်။ ( 27/ 01/ 2010 / NMD )

★ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ လူထုစားဝတ်နေရေးနှင့် နိုင်ငံရေးဆွေးပွဲတွင် စစ်တပ်ပါ ပူးတွဲဖြေရှင်းစေလိုသည့် စည်းရုံးရေးစာများအား မကြာသေးခင်က ဓါတ်တိုင်နှင့် သစ်ပင်များတွင်ကပ်၍ လှုံ့ဆော်ခဲ့ကြောင်း နယ်မြေ ခံရဲစခန်းနှင့် ဒေသခံများထံမှ စုံစမ်းသိရှိရသည်။ ထိုင်းနိုင်ငံရှိ တအောင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး ကလည်း လားရှိုးရှိ အဆက်အသွယ်များမှတဆင့် လှုံ့ဆော်စာများဖြန့်သွားသည်ကို ကြားသိရကြောင်းနှင့် မည်သူကပ်သွားသည်ကို မသိရသော်လည်း လားရှိုးမြို့မှ စစ်တပ်အသိုင်းအဝိုင်းကို အဓိကထား အသိပေးလိုခြင်းဖြစ်နိုင်ကြောင်း ပြောဆိုသည်။ ( 27/ 01/ 2010 / Mizzima )

★ စစ်အစိုးရ တာဝန်ရှိသူများနှင့် (KIO)အဖွဲ့ခေါင်းဆောင်တချို့ ယခုလ (၂၉) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးရန် ပြင်ဆင် ထားကြောင်း အပစ်ခတ်ရပ်စဲထားသော ကချင်လွတ်မြောက်ရေး အဖွဲ့ KIO နှင့် နီးစပ်သူတဦး အဆိုအရ သိရသည်။ ( 27/ 01/ 2010 / Irrawaddy )

★ ထိုင်း–မြန်မာနယ်စပ် တာ့ခ်ခရိုင် ထဆောင်ယန်းမြို့နယ်ထဲမှာ ရောက်ရှိနေကြတဲ့ ကရင်ဒုက္ခ သည် ၁၆၀၀ ကျော်ကို နေရပ်ပြန်ပို့မယ့် ထိုင်းအစိုးရရဲ့ ဆုံးဖြတ်ချက်ကို ထိုင်းအထက်လွှတ်တော် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်က ကန့်ကွက်လိုက်ပါတယ်။ ( 27/ 01/ 2010 / BBC)

★ မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသအတွင်းသို့ နအဖစစ်တပ်က စစ်ရေးအရ ဝင်ရောက်ကျူးကျော်နေမှုများ ယခုတလော၌ ဆက်တိုက် ဖြစ်ပွါးနေကြောင်း သိရသည်။ ( 27/ 01/ 2010/ New Era )

★ မြန်မာစစ်အစိုး ထိန်းချုပ်မှုအောက်ရှိ ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသတွင် လွန်ခဲ့သည့် (၃) နှစ်တာကာလ အတွင်း ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု (၅) ဆနီးပါးမြင့်တက်လာသည်ဟု ဒေသ တွင်းဘိန်းစိုက်ပျိုးမှုများကို (၂) နှစ်ကြာ သုတေသနပြုခဲ့သည့် ပလောင် အမျိုးသမီးအစည်း အရုံး (PWO) က ပြောကြားလိုက်သည်။ ( 26/ 01/ 2010 /New Era )

★ ကရင်ရွာများကို မီးရှို့ဖျက်ဆီးပြီး ရွာသားတွေကို သတ်ဖြတ်နေခြင်းသည် နယ်မြေစိုးမိုးလိုခြင်း နှင့် ၂၀၁၀ ရွေးကောက်ပွဲကို အာရုံ မစိုက်နိုင်အောင် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) က ပြောသည်။ ( 26/ 01/ 2010 / Mizzima )

★ ရခိုင် ပင်လယ်ပြင်တွင် အခြေစိုက်ထားသော ရေတပ်သင်္ဘောများနှင့် အမြောက်တပ်ရင်းများမှ ပင်လယ်ပြင်နှင့် မြစ်ချောင်းများတွင် သွားလာနေသော ပုဂ္ဂလိက မော်တော်ဘုတ်များနှင့် လှေသဗ္ဗာန်များမှ မတရားသဖြင့် ငွေကောက်နေသဖြင့် ရခိုင်လူထုအနေဖြင့် အထူးဒုက္ခတွေ့ နေကြသည်ဟု သတင်းရရှိသည်။ ( 26/ 01/ 2010 / Narinjara )

★ တရုပ်–မြန်မာ နယ်စပ်အခြေစိုက် UWSA “ဝ”ပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသထဲ ရောက်လာ ကြတဲ့ ဝီဂါလူမျိုး (၁၈) ဦးကို ဇန်နဝါရီလ ၁၈ ရက်နေ့မှာ တရုတ် အာဏာပိုင်တွေလက်ထဲ UWSA က ပြန်လည်အပ်နှံခဲ့ကြောင်း တရုတ်အင်တာနက် ဘလော့ဂ်ါသတင်းတွေမှာ ဇန်နဝါရီ ၂၅ ရက်နေ့ ဖေါ်ပြထားပါတယ်။ (25/ 01/ 2010 / RFA )

★ မိဘတွေရဲ့ ကလေးသူငယ်ကျန်းမာရေး အသိပညာနည်းပါးမှုကြောင့် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ချင်းပြည်နယ်က ကလေး သူငယ်တွေဟာ ရောဂါဘယကူစက်ခံရမှုအန္တရာယ် ရှိနေတယ်လို့ မနေ့ကထုတ်ပြန်တဲ့ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထား ရေး ဌာန သတင်းစာစောင်မှာ ဖေါ်ပြထားပါတယ်။ ( 23/ 01/ 2010 / RFA )

★ တရုတ်–မြန်မာနယ်စပ် ကိုးကန်းဒေသ နှင့် “ဝ” ဒေသ နယ်စပ်အကြားမှာ ယာယီတပ်စွဲထားတဲ့ မြန်မာစစ်အစိုးရတပ်က စစ်သား တွေ တပ်ကနေထွက်ပြေးနေကြတာဟာ ခုတလော မကြာခဏ ဖြစ်လာနေတယ်လို့ စစ်တပ်နဲ့နီးစပ် သူတွေက ပြောပါတယ်။ ( 23/ 01/ 2010 / RFA)

★ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်အတွင်းရှိ တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် ( ဒီကေဘီအေ )၏ ထိန်းချုပ် နယ်မြေအတွင်း၌ တပ်သားသစ်များ အဓမ္မကောက်ယူနေသည်။ ( 22/ 01/ 2010 / NMG )

★ ရခိုင်ပြည်နယ်ထွက်ဆန်များကို ပြည်နယ် နယ်နမိတ်အပြင်ဘက်သို့ တင်ပို့ရောင်းချမှု တားမြစ်ခြင်းကို ယခုလ ဒုတိယအပတ်မှ စတင်ခဲ့သည်ဟု ဆန်စပါးကုန်သည်များအသင်းက ပြောဆိုသည်။ ( 21/ 01/ 2010 / Mizzima)

★ ငြိမ်းအဖွဲ့များကို နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းရန် စစ်အစိုးရ၏ ကမ်းလှမ်းချက်ကို အဆိုပါအဖွဲ့များ က ငြင်းဆန် ခဲ့အပြီး နှစ်ဖက်ကြား တင်းမာနေကြသော်လည်း အေးဆေး ငြိမ်သက်လျှက်ရှိသည်ဟု အကဲခတ် များ၏ အပြောအရသိရသည်။ ( 20/ 01/ 2010/ Mizzima )

- ★ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ၊ ဟိုမောနှင့် လွယ်ခွမ် ကျေးရွာအုပ်စုအကြားရှိ လွယ်တော်တောင်တွင် ရှေ့ဟောင်း ရုပ်ပွားတော် ဆင်းထုတော်များကို ၂၀၀၉ ဒီဇင်ဘာ ၃ ရက်နေ့တွင် တူးဖော်တွေ့ရှိခဲ့ကြောင်းသိရသည်။ ( 19/ 01/ 2010/ Palaung Land )

- ★ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ( UWSA) ခေါ် "ဝ" တပ်ဖွဲ့ ဥက္ကဋ္ဌ ပေါက်ယူချန်း၏ မိန်ခွန်းတိုအား "ဝ" တပ်ဖွဲ့၏ ရုပ်မြင်သံကြားဌာနမှတဆင့် ဒေသအတွင်း ထုတ်လွှင့်ပြသနေသည်။ ( 18/ 01/ 2010/ New Era )

- ★ ၂၀၁၀ ကျင်းပမည့် နအဖ ရွေးကောက်ပွဲအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ပလောင်ဒေသ မန်တုံမြို့နယ်အတွင်းရှိ ပလောင်ကျေးရွာများကို နအဖ စစ်အုပ်စုမှစစ်တပ်များစေလွှတ်၍ ကျေးရွာလူငယ်များကို စစ်သားစုဆောင်းခြင်းနှင့်အတူ ပြည်သူများအား မဲဆွယ်စည်းရုံးနေကြောင်း သိရသည်။ (18/ 01/ 2010/ Palaung Land )

- ★ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာရှိ အခြေခံမူလွန် ကျောင်းဆောင်သစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်ကိုယ်တိုင် လာရောက်ဖွင့်လှစ် ပေးခဲ့သည်။ ( 17/ 01/ 2010/ Palaung Land )

- ★ တရားမဝင်ပစ္စည်းများ သယ်ဆောင်လသော ပြည်သူ့စစ်အသွင်ပြောင်းလိုက်သည့် ကချင်ငြိမ်း ချမ်းရေးအဖွဲ့၏ ကားတန်းတခုကို လမ်းကြောင်းပေါ်ရှိ စစ်ဆေးရေးဂိတ်က ဖမ်းဆီးခဲ့သည်။ ( 14/ 01/ 2010/ New Era )

- ★ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ခေါ် "ဝ" တပ်ဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ပေါက်ယူချန်းအား တွေ့ ဆုံဆွေးနွေးလိုကြောင်း စစ်ဘက်ရေးရာလုံခြုံရေးဌာန (စရဖ) အရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့် ၏ မကြာသေးမီ ရက်ပိုင်းက ကမ်းလှမ်းလာမှုကို ဝတပ်ဖွဲ့က ပယ်ချထားသည်။ ( 13/ 01/ 2010/ New Era )

- ★ လာမည့် ဇန်နဝါရီလ (၃၀) ရက်နေ့တွင်ကျရောက်မည့် (၆၃) ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာပါ စာသားများအား နအဖအာဏာပိုင်တို့က ဖြုတ်ခိုင်းခြင်းသည် တိုင်းရင်းသားတို့၏ အခြေခံရပိုင်ခွင့် အခွင့်အရေးတို့ကို လျစ်လျူရှုလိုက်ခြင်းဖြစ်ကြောင်း ဝါရင့် မွန်နိုင်ငံရေးသမားတဦးက ပြောကြားသည်။ ( 08/ 01 / 2010/ New Era )

- ★ ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားတွင် ကျင်းပနေသည့် ၆၂ နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော် ကျင်းပရန် အာဏာပိုင်များက စည်းကမ်းချက်များကို ကြိုတင်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။ ( 08/ 01/ 2010/ Mizzima )

- ★ မြန်မာပြည်တောင်ပိုင်း၊ တနင်္သာရီတိုင်းရှိ နအဖစစ်တပ်က ရှေ့တန်းစစ်မျက်နှာ၌ ရိက္ခာသယ်ရန် ဒေသခံ ကရင်ရွာသားများကို ပေါ်တာဆွဲရာတွင် မိန်းကလေးငယ်များကိုလည်း ခေါ်ဆောင်နေကြောင်း မွန် လူ့အခွင့်အရေး ဖောင်ဒေးရှင်း ( HURFOM ) က ပြောသည်။ ( 06/ 01/ 2010/ New Era )

- ★ ကချင်ဘာသာဖြင့် နှစ်စဉ်ထုတ်ဝေလာခဲ့သော " JInghpaw Mungdaw Nsen" ( ဂျိန်းဖော သတင်းစာ ) စာစောင် ကို ယခုနှစ်တွင် အစိုးရတပ်က ဦးဆောင်တည်းဖြတ်မှုများ ပြုလုပ်နေသည်။ ( 06/ 01/ 2010/ Mizzima )

- ★ လာမည့်ပွင့်လင်းရာသီတွင် ကေအန်ယူ တပ်မဟာ (၆) ကို ထိုးစစ်ဆင်ရန် နအဖစစ်တပ်ဘက် မှ တပ်ရိက္ခာဖြည့် တင်းနေမှုကို စစ်ဦးကျိုးသွားစေရန် ရည်ရွယ်၍ ကေအန်ယူက သိမ်းဆည်းခဲ့သည်။ ( 05/ 01/ 2010/ New Era )

- ★ ဒီဇင်ဘာလ (၂၉) ရက်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ( မပခ ) တိုင်းမှူးနှင့် ကချင်ပြည် လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့ပြီးနောက်ပိုင်း နအဖဘက်က တောင်းဆိုမှုအရ ကချင်တိုင်းရင်းသားများ၏ ရပိုင်ခွင့် အခွင့်အရေးများကို ကေအိုင်အိုအဖွဲ့က တင်ပြရန်ရှိသည်။ ( 04/ 01/ 2010/ New Era )